## 17.ဌာန - International College

သင်တန်းအမည် - Bachelor of Science Program in Physics (International Program)

ပေးအပ်မည့်ဘွဲ့ - Bachelor of Science (Physics)

သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. နိုင်ငံတကာ အင်စတီကျူများတွင် သုတေသီအဖြစ် လုပ်ကိုင်နိုင်ခြင်း။
2. ရူပဗေဒသင်ဆရာအဖြစ် လုပ်ကိုင်နိုင်ခြင်း။
3. ဘဏ္ဍာရေးလေ့လာသုံးသပ်သူအဖြစ် လုပ်ကိုင်နိုင်ခြင်း။
4. Start-up လုပ်ငန်းရှင်များအဖြစ် လုပ်ကိုင်နိုင်ခြင်း။
5. နည်းပညာအခြေခံသောကုမ္ပဏီတွင် အတိုင်ပင်ခံအဖြစ် လုပ်ကိုင်နိုင်ခြင်း။

သင်ယူရရှိမှုရလဒ်များ (PLOs)

PLO1 - ရူပဗေဒဘာသာနှင့်သက်ဆိုင်သောပြဿနာများကိုဖြေရှင်းရန် အဓိကလေးမျိုးဖြစ်သော ၁)classical mechanics ၂)quantum mechanics ၃)electromagnetism ၄)thermodynamics and statistical mechanics နှင့် ရရှိထားသောအသိပညာများဖြင့်အသုံးချနိုင်ရန်။

PLO2 - သိပ္ပံဆိုင်ရာစာစောင်မဂ္ဂဇင်းများနှင့်ဆိုရှယ်မီဒီယာများမှ ရရှိသောအချက်အလက်များ၏ တရားဝင်မှုနှင့် ယုံကြည်စိတ်ချရမှုကိုဝေဖန်ပိုင်းခြားနိုင်ရန်။

PLO3 - သိပ္ပံနှင့်ဆိုင်သော အသိပညာအယူအဆများကို လုပ်ဖော်ကိုင်ဖက်များအား စကားပြောဖြင့်သာမက စာအရေးအသားဖြင့်ပါ ကျွမ်းကျင်စွာ ရှင်းပြနိုင်ရန်။

PLO4 - ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသန နည်းစနစ်နှင့် ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်အတွက် သင့်လျော်သော ထုတ်ဝေမှုတွင် သိပ္ပံဆိုင်ရာကျွမ်းကျင်ပိုင်နိုင်မှုကို အသုံးပြုနိုင်ရန်။

PLO5 - သိပ္ပံဆိုင်ရာ လက်ရှိအဖြစ်အပျက်များကို စမ်းသပ်မှုများဖြင့် လွတ်လပ်စွာအဖြေရှာနိုင်ရန်။